| (ထ) | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဒ) | ကိုယ်စားလှယ်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဓ ) | ကိုယ်စားလှယ် အလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| ( န ) | မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ | အဖွဲ့ဝင် |
| ( ပ ) | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | လူမှုဖူလုံရေးအဖွဲ့ | အဖွဲ့ဝင် |
| ( ဗ ) | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ရန် ဖြစ်ပါသည်-

(က) ပုံမှန်အစည်းအဝေးများကို (၃) လတစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

( ခ ) ကော်မတီဝင်များသည် လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ ဘဏ္ဍာငွေအရအသုံးနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေကို စောင့်ကြည့်ကြီးကြပ်ခြင်း၊

( ဂ ) နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ အရင်းအမြစ်များရရှိရေး သတ်မှတ် ဆောင်ရွက်ခြင်း၊

( င ) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေများ ရရှိရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

( စ ) မြန်မာနိုင်ငံ ကလေးအလုပ်သမားများ ပပျောက်ရေးစီမံကိန်းအတွက် နိုင်ငံတော်မှထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းငွေများဖြင့် ရရှိလာသည့် ဘဏ္ဍာငွေများကို မြန်မာနိုင်ငံ ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ချမှတ်ပေးသည့် မူဝါဒများ၊ လမ်းညွှန်ချက် များနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအလိုက် စနစ်တကျ ထိန်းသိမ်းနိုင်ရေး စီမံခန့်ခွဲမှုများ ဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းကော်မတီအလိုက် သုံးစွဲရန်လိုအပ်သည့် ဘဏ္ဍာငွေကို လုပ်ငန်းကော်မတီများက တင်ပြ တောင်းခံလာပါက စိစစ်တွက်ချက်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း၊

( ဇ ) ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် ကြီးကြပ်ကွပ်ကဲသွားရန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ဘဏ္ဍာရေးစာရင်းဇယားများကို စနစ်တကျရှိစေရေး ဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေအရ ခွင့်ပြုထားသော အခြားဘဏ္ဍာငွေအရင်းအမြစ်များ ရရှိရန် စီမံဆောင်ရွက်ခြင်း၊

(ည) ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာ အမျိုးသားကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

( ဋ ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ကို လုပ်ငန်းအခြေအနေနှင့် လျော်ညီမှုရှိစေရန် အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဌ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် သတ်မှတ်ထားသည့် အချိန်ကာလအလိုက် အစီရင်ခံစာကို မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြခြင်း၊

(ဍ) မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအလိုက် ကလေးအလုပ်သမားပပျောက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် ရန်ပုံငွေကို နှစ်စဉ်လျာထားထည့်သွင်းရေးဆွဲနိုင်ရေး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ အကြံပြုတင်ပြခြင်း။

၃။　　မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြင့်ကြိုင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ပြည်တွင်းအခွန်များဦးစီးဌာန | နှင့် | Jing Hpaw Aung Jade & Jewellery Co.,Ltd<br>ဦးဇော်ဇော်ညီ (အခွင့်ရကိုယ်စားလှယ်)<br>ဒါရိုက်တာ<br>အမှတ် ၆၁၅/၁၊ ပြည်လမ်း၊<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးကျော်လွင်ဦး (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ ပြည်တွင်းအခွန်များဦးစီးဌာန။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးသိန်းထွန်း၊ တရားလွှတ်တော်ရှေ့နေ။ |
| ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက် |

**အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) နှင့် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ဖ၁ နှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စအား လွှဲအပ်ခြင်း**

အမှုမှာ လျှောက်ထားခံရသူ Jing Hpaw Aung Jade & Jewellery Co.,Ltd ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဝင်ငွေကြေညာလွှာတွင် ဖော်ပြတင်သွင်းသည့် ဝင်ငွေပမာဏ ကျပ် (၁၆,၄၉၀,၁၁၂,၆၄၈) ကို စာရင်းစစ်ဆေးမှုအရ ဝင်ငွေပမာဏ ကျပ် (၂၀,၂၃၉,၇၂၆,၅၉၂) အဖြစ် ပြင်ဆင်သတ်မှတ်ပြီး ဝင်ငွေခွန် ကျပ် (၅,၀၅၉,၉၃၁,၆၄၈) ပေးဆောင်ရန် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးက ၂၈-၃-၂၀၁၈ ရက်စွဲပါ Notification of Audit Result (LTO-3) ဖြင့် တောင်းခံခဲ့ခြင်းအပေါ် Jing Hpaw Aung Jade & Jewellery Co.,Ltd မှ မကျေနပ်သဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ဌာနမှူးထံ ပထမအယူခံတင်သွင်းခဲ့ရာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ ဌာနမှူးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ၂၈-၃-၂၀၁၈ ရက်စွဲပါ Notification of Audit Result (LTO-3) အရ အခွန်ငွေသတ်မှတ်ချက်ကို အတည်ပြုကြောင်း ၁၅-၁၁-၂၀၁၈ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သောကြောင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ အခွန်အယူခံခုံအဖွဲ့သို့ ဝင်ငွေခွန်ဒုတိယအယူခံမှု တင်သွင်းလျှောက်ထားခဲ့သည်။

အခွန်အယူခံခုံအဖွဲ့က ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ ၁၅-၁၁-၂၀၁၈ ရက်နေ့တွင် ချမှတ်ခဲ့သည့် ပထမအယူခံအမိန့်အား ပယ်ဖျက်၍ ၁-၄-၂၀၁၄ ရက်နေ့မှ ၁-၄-၂၀၁၇ ရက်နေ့ မတိုင်မီကာလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ အခြားကုမ္ပဏီကြီးများအား သက်သာခွင့်ပေးသကဲ့သို့ ဘာသာရေး၊ ကုသိုလ်ရေးကိစ္စများနှင့် သက်ဆိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများကို စိစစ်နုတ်ပယ်၍ ဝင်ငွေခွန်ပြန်လည်စည်းကြပ်သွားရန် ၂၄-၁၀-၂၀၁၉ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ရာ အဆိုပါ ချမှတ်ခဲ့သည့် ဒုတိယအယူခံအမိန့်တွင်ပါရှိသော ဆုံးဖြတ်ချက်အချို့နှင့် စပ်လျဉ်း၍ ဥပဒေနှင့် ညီ မညီ အဆုံးအဖြတ်ရယူနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက အဆိုပြုလျှောက်ထားလာသောအမှု ဖြစ်ပါသည်။

လျှောက်ထားသူက ဒုတိယအယူခံမှု၏ အမိန့်တွင် ဖော်ပြထားသော အောက်ပါဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ် ရယူလိုပါသဖြင့် လွှဲအပ်ပေးပါရန် အခွန်အယူခံခုံအဖွဲ့သို့ တင်ပြလျှောက်ထားလာပါသည်-

(က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ စည်းကမ်းသတ်ကာလဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ဌာနမှူးက ချမှတ်သည့်အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း အခွန်အယူခံခုံအဖွဲ့ထံ လျှောက်ထားရန်ဖြစ်သော်လည်း အောက်ဖော်ပြပါ တွက်ချက်မှုအရ သတ်မှတ်ကာလ ကျော်လွန်တင်သွင်းလာခြင်းကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ မည်သည့်အကြောင်းကြောင့် လက်ခံရခြင်းဖြစ်ကြောင်း စီရင်ချက်တွင် ထည့်သွင်း ဖော်ပြမှုမရှိခြင်းသည် ဥပဒေနှင့် ညီ မညီ-

| | | | |
|---|---|---|---|
| (၁) | အခွန်ထမ်း မကျေနပ်သည့် အယူခံအမိန့်ကို လက်ခံရရှိသည့်နေ့ | - | ၁၅-၁၁-၂၀၁၈ |
| (၂) | အမိန့်မိတ္တူ လျှောက်ထားသည့်နေ့ | - | ၂၀-၁၂-၂၀၁၈ |
| (၃) | အမိန့်မိတ္တူ လက်ခံရရှိသည့်နေ့ | - | ၂၆-၁၂-၂၀၁၈ |

(၄) ဒုတိယအကြိမ် အယူခံလွှာတင်သွင်းမည့်အကြောင်း အခွန်အယူခံခုံအဖွဲ့သို့ ကြိုတင်တင်ပြသည့်နေ့ - ၁၁-၁-၂၀၁၉

(၅) အမှုတွဲမိတ္တူ၊ အမှုစာတွဲ၊ နေ့စဉ်မှတ်တမ်းများ လျှောက်ထားသည့်နေ့ - ၂၆-၁၂-၂၀၁၈

(၆) အမှုတွဲမိတ္တူ၊ အမှုစာတွဲ၊ နေ့စဉ်မှတ်တမ်းများ လက်ခံရရှိသည့်နေ့ - ၁၄-၂-၂၀၁၉

(၇) ဒုတိယအယူခံလွှာတင်သွင်းသည့်နေ့ - ၈-၃-၂၀၁၉

( ခ ) ကုမ္ပဏီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်မှုနှင့် ပတ်သက်သော လှူဒါန်းငွေ ကျပ် (၃၁၈၇) သန်းသည် ဒုတိယဥက္ကဋ္ဌစာရင်းမှ ဦးမြင့်လှိုင်ဦးနှင့် ဦးထက်အောင်ရဲရင့် (၂) ဦးတို့သို့ ငွေပေးချေမှု (Cash Transaction) များနှင့်စပ်လျဉ်း၍ (BFM) ဖောင်ဒေးရှင်းသို့ တိုက်ရိုက်လှူဒါန်းသူ Jing Hpaw Aung Jade & Jewellery Co.,Ltd မှ ဒုဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးမှ ဖြစ်ပြီး လှူဒါန်းငွေများကို Jing Hpaw Aung Jade & Jewellery Co.,Ltd သို့ ပြန်လည်ပေးချေထားကြောင်း အထောက်အထားများအနက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ဒေါ်နန်းသန်းထွေးထံမှ လှူဒါန်းငွေ ကျပ် (၄,၂၁၁,၈၀၀,၀၀၀) လက်ခံရရှိကြောင်း Acknowledgement of Receipt၊ Jing Hpaw Aung Jade & Jewellery Co.,Ltd ၏ ဒုဥက္ကဋ္ဌထံသို့ USD 3,683,000 ကို စာရင်းလွှဲပြောင်းသည့် Debit Voucher နှင့် Myanmar Investment And Commercial Bank, Yangon မှ Jing Hpaw Aung Jade & Jewellery Co.,Ltd ၏ account မှ KANBAWZA BANK LTD သို့ USD 3,683,000 လွှဲပြောင်းကြောင်း အကြောင်းကြားစာ ADVICE တို့သည် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ စာရင်းစစ်ဆေးရေးအဖွဲ့က စာရင်းကိုက်ညှိနေသည့်ကာလနှင့် ပထမအယူခံကြားနာစဉ် ကာလတို့တွင် တင်ပြခဲ့ခြင်းမရှိဘဲ ဒုတိယအယူခံမှု ကြားနာစစ်ဆေးသည့် ၂၀-၆-၂၀၁၉ ရက်နေ့မှသာ ဒုတိယအယူခံအပေါ်ထပ်မံဖြည့်စွက် ရှင်းလင်း တင်ပြလွှာနှင့်အတူ ပူးတွဲတင်ပြလာခြင်းဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ အရ နောက်ထပ်သက်သေခံချက် တင်ပြရန် အခွင့်အရေးမရှိပါသဖြင့်လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ ပါ ပြဋ္ဌာန်းချက်အရ အမှုပထမအကြိမ်ကြားနာစစ်ဆေးသည့်အခါ၌ အားကိုးအားထားပြုရန် ရည်ရွယ်သည့်တရားရုံးတွင် မတင်သွင်းရသေးသည့် စာသက်သေခံများကို တင်ပြသင့်ပါလျက် တင်ပြခြင်းမပြုခဲ့သဖြင့် သက်သေခံအဖြစ် လက်ခံခြင်းမပြုထိုက်သည်ကို မည်သည့်အကြောင်းကြောင့် လက်ခံရခြင်းဖြစ်ကြောင်း ဖော်ပြမှုမရှိဘဲ သက်သေခံအဖြစ် လက်ခံခဲ့ခြင်းသည် ဥပဒေနှင့် ညီ မညီ၊

( ဂ ) Jing Hpaw Aung Jade & Jewellery Co.,Ltd က အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသို့ ငွေကျပ် (၄၂၈၉) သန်း လှူဒါန်းခဲ့ခြင်းအတွက် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က နှင့် ညီညွတ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း မရှိပါသဖြင့် ယင်းသို့ လှူဒါန်းခဲ့ခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က နှင့် ညီညွတ်သည်ဟု အခွန်အယူခံခုံအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီ မညီ၊

(ဃ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ဌာနမှူး၏အမိန့်ကို ပယ်ဖျက်၍ ၁-၄-၂၀၁၄ ရက်နေ့မှ ၁-၄-၂၀၁၇ ရက်နေ့မတိုင်မီ ပညာပေးကာလအဖြစ်သတ်မှတ်၍ အခြားကုမ္ပဏီကြီးများအား သက်သာခွင့်ပေးသကဲ့သို့ ဘာသာရေး၊ ကုသိုလ်ရေး ကိစ္စများနှင့်သက်ဆိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအားစောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများကို စိစစ်နုတ်ပယ်၍ ဝင်ငွေခွန်ပြန်လည် စည်းကြပ်သွားရန် အခွန်အယူခံခုံအဖွဲ့က အမိန့်ချမှတ်ခဲ့ခြင်းသည် မည်သည့်ဥပဒေ ပြဋ္ဌာန်းချက်အရ အမိန့်ချမှတ်ရခြင်းဖြစ်ကြောင်း မပါရှိသဖြင့် ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီ မညီ။

လျှောက်ထားခံရသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးသိန်းထွန်း က ကာလစည်းကမ်းသတ်ရက်ထက် ကျော်လွန်သော်လည်း ခုံအဖွဲ့ကခွင့်ပြုခြင်းမှာ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါ "ရက်ပေါင်း ၆၀ အတွင်း အယူခံလွှာကို မတင်သွင်းလျှင် ထိုသို့ မတင်သွင်းခြင်းအတွက် လုံလောက်သောအကြောင်းရှိပါက အခွန်အယူခံခုံအဖွဲ့သည် အယူခံလွှာကို လက်ခံနိုင်သည်" ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ လက်ခံဆောင်ရွက်ထားခြင်းဖြစ်၍ ဥပဒေကပေးအပ်ထားသော လက်ခံဆောင်ရွက်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊

အခွန်အယူခံခုံအဖွဲ့အနေဖြင့် ထပ်တိုးသက်သေခံချက်များအား လက်ခံခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခုံအဖွဲ့၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်၍ ဥပဒေရေးရာပြဿနာ မပေါ်ပေါက်ပါကြောင်း၊

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ၂၀၁၄ ခုနှစ်ကပင် နိုင်ငံတော်မှ အသိအမှတ်ပြုထားသော လူမှုရေး၊ ကုသိုလ်ရေးများဆောင်ရွက်ရန် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ (BFM) မှာ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆-က ပါ "ယင်းကိစ္စနှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ" ဟူသည့် အပိုဒ်နှင့် ညီညွတ်ပြီး (BFM) သို့ Jing Hpaw Aung Jade & Jewellery Co.,Ltd က ထည့်သွင်းလှူဒါန်းငွေများမှာလည်း ပုဒ်မ ၆-က နှင့် ညီညွတ်သည်မှာ ထင်ရှားပါကြောင်း၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ဥပဒေနှင့် ချွတ်ချော်ခဲ့သော ပညာပေးကာလအဖြစ်သတ်မှတ်၍ ခွင့်ပြုခြင်းများကို အခွန်အယူခံခုံအဖွဲ့က ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ၍ ဥပဒေရေးရာပြဿနာ ပေါ်ပေါက်ခြင်းမရှိပါကြောင်း ချေပလျှောက်လဲပါသည်။

စုံညီခုံအဖွဲ့သည် လျှောက်လဲတင်ပြချက်များနှင့် အမှုတွဲပါ အထောက်အထားများ၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို စိစစ်သုံးသပ်ခဲ့ရာ လျှောက်ထားခံရသူ Jing Hpaw Aung Jade & Jewellery Co.,Ltd သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ စည်းကမ်းသတ်ကာလဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ချမှတ်သောအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခွန်အယူခံခုံအဖွဲ့ထံ လျှောက်ထားရန်ဖြစ်သော်လည်း ရက်ပေါင်း ၁၀၆ ရက် ကြာမြင့်မှ လျှောက်ထားတင်သွင်းလာခြင်းကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအရ မည်သည့်အကြောင်းကြောင့် လက်ခံရခြင်းဖြစ်ကြောင်း စီရင်ချက်တွင် ထည့်သွင်းဖော်ပြမှုမရှိခြင်းသည် ဥပဒေနှင့် ညီ မညီ ဟူသောတင်ပြချက်နှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဝင်ငွေခွန်ဒုတိယအယူခံမှုအမှတ်-၁ တွင် လျှောက်ထားသူ Jing Hpaw Aung Jade & Jewellery Co.,Ltd က စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ ဝင်ငွေခွန်ဒုတိယအယူခံမှု တင်သွင်းရခြင်းအပေါ် ခွင့်ပြုလက်ခံပေးပါရန် လျှောက်ထားတင်ပြထားပြီး လျှောက်ထားခံရသူ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကလည်း လက်ခံရန်မသင့်ကြောင်းကန့်ကွက်တင်ပြထားသည်ကို တွေ့ရသည်။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) တွင် ရက်ပေါင်း ၆၀ အတွင်း အယူခံလွှာကို မတင်သွင်းလျှင် ထိုသို့ မတင်သွင်းခြင်းအတွက် လုံလောက်သောအကြောင်းရှိပါက အခွန်အယူခံခုံအဖွဲ့သည် အယူခံလွှာကို လက်ခံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် စည်းကမ်းသတ်ကာလ ကျော်လွန်နေခြင်းနှင့်စပ်လျဉ်း၍ နှစ်ဖက်ကြားနာပြီးနောက် အယူခံလွှာကို လက်ခံ၍ အမှုကိုလက်ခံကြားနာခဲ့ခြင်းဖြစ်ကြောင်းနှင့် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ကလည်း ဤသို့ စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်းကို ခုံအဖွဲ့က လက်ခံခဲ့ခြင်းအပေါ် တစ်စုံတစ်ရာ ကန့်ကွက်တင်ပြမှုမရှိဘဲ အယူခံမှုကို ဆက်လက်တင်ပြလျှောက်လဲမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အယူခံခုံအဖွဲ့က စည်းကမ်းသတ်ကာလကျော်လွန်ခြင်းကိုမည်သည့်အကြောင်းကြောင့်လက်ခံရခြင်းဖြစ်ကြောင်းစီရင်ချက်တွင် ထည့်သွင်းဖော်ပြမှုမရှိခြင်းသည် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက်မဟုတ်ကြောင်း သုံးသပ်ရရှိပါသည်။

ကုမ္ပဏီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လျှော့ဒါန်းငွေ ကျပ် (၃၁၈၇) သန်းသည် ဒုတိယဥက္ကဋ္ဌ စာရင်းမှ ဦးမြင့်လှိုင်ဦးနှင့် ဦးထက်အောင်ရဲရင့် (၂) ဦး တို့သို့ ငွေပေးချေမှု (Cash Transaction) များအား စာရင်းစစ်ဆေးနေချိန်တွင်လည်းကောင်း၊ ပထမအယူခံ ကြားနာစဉ်အချိန်တွင်လည်းကောင်း တင်ပြနိုင်ခြင်း မရှိသော်လည်း ခုံအဖွဲ့သို့တင်သွင်းသည့် ဒုတိယအယူခံလွှာအပေါ် ထပ်မံဖြည့်စွက် ရှင်းလင်းချက်တွင် လျှော့ဒါန်းငွေ ကျပ် (၃၁၈၇) သန်းသည် ဒုဥက္ကဋ္ဌ စာရင်းမှ ဦးမြင့်လှိုင်ဦး နှင့် ဦးထက်အောင်ရဲရင့် (၂) ဦးတို့သို့ ငွေပေးချေမှု (Cash Transaction) များနှင့် ပတ်သက်သော အထောက်အထားများကို ပြည့်စုံစွာ တင်ပြထားသည်ကို တွေ့ရှိရကြောင်း စီရင်ချက်တွင်ဖော်ပြထားခြင်းနှင့်ပတ်သက်၍ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ စာရင်းစစ်ဆေးရေးအဖွဲ့က စာရင်းကိုက်ညှိနေသည့်ကာလနှင့် ပထမအယူခံကြားနာစဉ်ကာလတို့တွင် တင်ပြခဲ့ခြင်းမရှိဘဲ ဒုတိယအယူခံမှု ကြားနာစစ်ဆေးသည့် ၂၀-၆-၂၀၁၉ ရက်နေ့မှသာ ဒုတိယအယူခံအပေါ် ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြလွှာနှင့်အတူ ပူးတွဲတင်ပြလာခြင်းဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၇ အရ နောက်ထပ် သက်သေခံချက်တင်ပြရန် အခွင့်အရေးမရှိပါသဖြင့်လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ ပါ ပြဋ္ဌာန်းချက်အရအမှုကို ပထမအကြိမ် ကြားနာစစ်ဆေးသည့်အခါ၌ အားကိုးအားထားပြုရန် ရည်ရွယ်သည့်တရားရုံးတွင် မတင်သွင်းရသေးသည့် သက်သေခံချက်များအား တင်ပြသင့်ပါလျက် တင်ပြခြင်းမပြုခဲ့သဖြင့် သက်သေခံအဖြစ် လက်ခံခြင်းမပြုထိုက်သည်ကို မည်သည့် အကြောင်းကြောင့် လက်ခံရခြင်းဖြစ်ကြောင်း ဖော်ပြမှုမရှိဘဲ သက်သေခံအဖြစ် လက်ခံခဲ့ခြင်းသည် ဥပဒေနှင့် ညီ မညီဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့ (စုံညီ) က အောက်ဖော်ပြပါအတိုင်း စိစစ် တွေ့ရှိရပါသည်-

(က) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ဝင်ငွေခွန်အယူခံ (ပထမအယူခံ) အမှုတွင် ကုမ္ပဏီမှ ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် ဦးမြင့်လှိုင်ဦးနှင့် ဦးထက်အောင်ရဲရင့်တို့မှတစ်ဆင့် လျှော့ဒါန်းငွေကျပ် (၃၁၈၇) သန်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီက ယင်းလျှော့ဒါန်းခဲ့သည့် ပမာဏကို ငွေပြန်ထုတ်ပေးသည့် အထောက်အထားများအား ခိုင်မာပြည့်စုံလုံလောက်စွာ တင်ပြနိုင်ခြင်းမရှိဘဲ သာမန်စာရင်းပေးချေသည့် အထောက်အထားများကိုသာ တင်ပြထားသည့်အတွက် အဆိုပါလျှော့ဒါန်းငွေများသည် ကုမ္ပဏီက လျှော့ဒါန်းထားကြောင်း အတည်ပြုနိုင်မှုမရှိခြင်း၊ ကုမ္ပဏီမှ ပုဂ္ဂိုလ်နှစ်ဦးထံသို့ ခိုင်လုံသော ငွေသား စီးဆင်းသည့် အထောက်အထား (Source of Document) တင်ပြနိုင်မှုမရှိခြင်းတို့ကြောင့် ကုမ္ပဏီ၏ လျှော့ဒါန်းငွေများကို ခွင့်မပြုကြောင်းဖြင့် အယူခံမှုကို ပယ်ဖျက်သည့်အမိန့် ချမှတ်ခဲ့သည့်အတွက် Jing Hpaw Aung Jade & Jewellery Co.,Ltd က အခွန်အယူခံခုံအဖွဲ့သို့ ဝင်ငွေခွန်ဒုတိယအယူခံမှု တင်သွင်းလာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

( ခ ) ပထမအယူခံအမိန့်စာပါ ဖော်ပြချက်အရ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ စာရင်းစစ်ဆေးရေးအဖွဲ့က ကုမ္ပဏီသို့ စစ်ဆေးတွေ့ရှိချက် (၁၁) ချက်အား စာရင်းကိုက်ညှိမှုပြုလုပ်ရာတွင် ကုမ္ပဏီမှ ပုဂ္ဂိုလ် (၂) ဦး (ဦးမြင့်လှိုင်ဦး နှင့် ဦးထက်အောင်ရဲရင့်) သို့လည်းကောင်း၊ ဒုဥက္ကဋ္ဌစာရင်းမှ Foundation/ပုဂ္ဂိုလ် (၂) ဦး သို့လည်းကောင်း ငွေပေးချေမှု အထောက်အထားများ (Cash Transaction) များနှင့်စပ်လျဉ်း၍ တင်ပြနိုင်ခြင်းမရှိကြောင်း၊ ကုမ္ပဏီကိုယ်စား ဒုဥက္ကဋ္ဌစာရင်းမှ ပေးချေကြောင်း သာမန်စာရင်းပေးချေမှုပုံစံ Debit/Credit Note သာ ရှင်းလင်းတင်ပြခဲ့ပြီး ဒုဥက္ကဋ္ဌ၏ ဘဏ်စာရင်းအား ယနေ့အချိန်အထိ တင်ပြခြင်းမရှိကြောင်း၊ ပုဂ္ဂိုလ် (၂) ဦး၏ ဘဏ်စာရင်းများမှာလည်း Bank Overdraft ဖြစ်နေကြောင်း စသည့်အချက်များ ပေါ်ပေါက်လျက်ရှိရာ ကုမ္ပဏီကလျှော့ဒါန်းခဲ့သည်ဆိုသော [ဦးမြင့်လှိုင်ဦးနှင့် ဦးထက်အောင်ရဲရင့် တို့ (၂) ဦး၏ လျှော့ဒါန်းငွေ] ကျပ် (၃၁၈၇) သန်းနှင့်စပ်လျဉ်း၍ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးက စာရင်းစစ်ဆေးနေချိန်တွင်လည်းကောင်း၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသို့ ပထမဝင်ငွေခွန် အယူခံတင်သွင်းစဉ်တွင်လည်းကောင်း ကုမ္ပဏီဘက်က ခိုင်မာပြည့်စုံသော အထောက် အထားများ တင်ပြနိုင်ခဲ့ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသည်။

( ဂ ) အထက်ပါ ကုမ္ပဏီဘက်မှ တင်ပြရန်ပျက်ကွက်ခြင်းများကို ဝင်ငွေခွန်အယူခံ (ပထမအယူခံ) အမိန့်တွင် အတိအလင်းဖော်ပြထားသော်လည်း ကုမ္ပဏီက အခွန်အယူခံခုံအဖွဲ့သို့ ဒုတိယဝင်ငွေခွန်အယူခံ တင်သွင်းရာတွင်လည်း အဆိုပါအချက်များကို ပြည့်စုံခိုင်မာစွာ တင်ပြခြင်းမရှိခဲ့ဘဲ ၂၀-၆-၂၀၁၉ ရက်နေ့တွင် အမှုအား လျှောက်လဲချက်ကြားနာစဉ် အခွန်အယူခံခုံအဖွဲ့က အယူခံတရားလို (ကုမ္ပဏီ) အား မေးခွန်းမေးမြန်းရာတွင် **ဦးမြင့်လှိုင်ဦးနှင့် ဦးထက်အောင်ရဲရင့် တို့သည် ကုမ္ပဏီနှင့် မသက်ဆိုင်သော သီးခြားများဖြစ်ကြောင်းတွေ့ရသဖြင့် အဆိုပါ ပုဂ္ဂိုလ် (၂) ဦး၏ လှူဒါန်းငွေကျပ် (၃၁၈၇) သန်းအား ကုမ္ပဏီမှဖြစ်စေ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) မှဖြစ်စေ စိုက်ထုတ်ငွေ ပေးချေခြင်းအတွက် စာရင်းရှင်းလင်းသည့် အထောက်အထားရှိပါသလား သို့မဟုတ် ကုမ္ပဏီ/ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) ငွေကြေးများဖြစ်ကြောင်းခိုင်မာသည့် သက်သေအထောက်အထားများ ရှိပါသလား** ဟူ၍ မေးမြန်းခဲ့သည့်အခါမှ "၉-၁၀-၂၀၁၅ ရက်နေ့တွင် ကုမ္ပဏီ၏စာရင်းမှ ဒုဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးထံသို့ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) လှူဒါန်းမှုများအတွက် ထည့်ဝင်ရန် လျာထားသတ်မှတ်ငွေအား ကြိုတင်ငွေအဖြစ် USD 3,683,000 (ညီမျှငွေ ကျပ် ၄၁၈၂.၈၉ သန်း) အား ကုမ္ပဏီ၏ Myanmar Investment and Commercial Bank ငွေစာရင်းမှ ဒုဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ် ငွေစာရင်းသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) ၏ ၃၀-၃-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ GJ-03-15 ဖြင့် ကုမ္ပဏီမှလှူဒါန်းစဉ်က ထည့်ဝင်လှူဒါန်းသဘောတူပြီး ဖြစ်သည့် ကျပ် (၄၂၁၁.၈) သန်းအား လှူဒါန်းငွေအဖြစ် ကျခံနိုင်ရန်တောင်းခံခဲ့ရာ ဒုဥက္ကဋ္ဌစာရင်းမှ ၉-၁၀-၂၀၁၅ ရက်နေ့တွင် ထုတ်ပေးငွေများမှ ကျခံခုနှိမ်ကာ လှူဒါန်းငွေအဖြစ် ကုမ္ပဏီတွင် စာရင်း ရေးသွင်းခဲ့ပါကြောင်း၊ ထို့ကြောင့် ခုံအဖွဲ့ကမေးမြန်းသော အဆိုပါပုဂ္ဂိုလ် (၂) ဦး၏ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သို့ လှူဒါန်းငွေ ကျပ် (၃၁၈၇) သန်းနှင့် အခြားသို့ လှူဒါန်းငွေ ကျပ် (၁၀၂၄.၈) သန်းတို့မှာ အယူခံတရားလိုကုမ္ပဏီ၏ ငွေကြေးများဖြစ်ပါကြောင်း" တင်ပြခဲ့သည်ကို တွေ့ရှိရပါသည်။

(ဃ) အထက်ပါပေါ်ပေါက်ချက်များအရ Jing Hpaw Aung Jade & Jewellery Co.,Ltd နှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) တို့သည် KBZ Bank နှင့် KBZ Group မှ အဖွဲ့အစည်းများဖြစ်ကြသဖြင့် အထက်အပိုဒ် (ဂ) ပါ တင်ပြချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးစာရင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ်တွင်လည်းကောင်း၊ ပထမအယူခံတင်သွင်းရာတွင် လည်းကောင်း အချိန်မီတင်ပြနိုင်ပါလျက် တင်ပြရန်ပျက်ကွက်ခဲ့ကြောင်း၊ ခုံအဖွဲ့သို့ တင်သွင်းသည့် ဒုတိယအယူခံလွှာအပေါ် ထပ်မံဖြည့်စွက်ရှင်းလင်းချက်တွင်မှ လှူဒါန်းငွေ ကျပ် (၃၁၈၇) သန်းသည် ဒုဥက္ကဋ္ဌစာရင်းမှ ဦးမြင့်လှိုင်ဦးနှင့် ဦးထက်အောင်ရဲရင့် ပုဂ္ဂိုလ် (၂) ဦးတို့၏ ငွေပေးချေမှု (Cash Transaction) များနှင့်ပတ်သက်သော အထောက်အထားများကို ပြည့်စုံစွာ တင်ပြခဲ့ကြောင်း၊ ယင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဝင်ငွေနှစ်တွင် ကန့်ကွက်ထားသောပုဂ္ဂိုလ် (၂) ဦး၏ လှူဒါန်းငွေ ကျပ် (၃၁၈၇) သန်းသည် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ကို တွေ့ရှိရကြောင်းဖြင့် အခွန်အယူခံခုံအဖွဲ့က လက်ခံလျက် ပထမအယူခံအမိန့်သည် လိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ထားမှုမရှိဘဲ ချမှတ်ခဲ့သည်ကိုတွေ့ရှိရကြောင်းဖော်ပြကာ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး၏ ပထမအယူခံအမိန့်ကို ပယ်ဖျက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

( င ) တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ (၁) (ခ) အရ အခွန်အယူခံခုံအဖွဲ့အနေဖြင့် ဒုတိယ ဝင်ငွေခွန်အယူခံမှုတွင် စီရင်ချက်ချမှတ်ပေးနိုင်ရန် သက်သေခံအထောက်အထားတစ်စုံတစ်ရာကို တင်ပြခွင့်ပြုနိုင်သည်မှာမှန်သော်လည်း တစ်ဖက်အမှုသည်က ပထမအယူခံမှုတွင် သက်သေခံ

တင်ပြရန် ပျက်ကွက်ခဲ့သော စာရွက်စာတမ်း/သက်သေခံအထောက်အထားကို အယူခံခုံအဖွဲ့က သက်သေခံအဖြစ် လက်ခံရန် သင့် မသင့်သည်လည်းကောင်း၊ ထိုကဲ့သို့ အမှုသည်၏ပေါ့ဆမှု သို့မဟုတ် ဥပဒေကို လျစ်လျူရှုမှုကြောင့် ဖြစ်ပေါ်လာသော ပျက်ကွက်မှုသည် ဝင်ငွေခွန်ဒုတိယအယူခံမှုတင်သွင်းရာတွင် ခိုင်မာပြည့်စုံသော အထောက်အထားဖြစ်စေနိုင်ခြင်း ရှိ မရှိသည်လည်းကောင်း ဥပဒေကြောင်းအရ စိစစ်ဆုံးဖြတ်ရမည့် လိုအပ်ချက်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

( စ ) ထို့ပြင် အမှုသည်ဘက်မှ တင်ပြခဲ့ခြင်းမရှိသည့် နောက်ထပ်သက်သေခံချက်ကို လက်ခံရယူခဲ့ခြင်းသည် မည်သည့်လိုအပ်ချက်ကြောင့်ဖြစ်ကြောင်း ဖော်ပြထားမှုမရှိခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၇ (၂) အရ နောက်ထပ်သက်သေခံချက်တင်ပြစေရန် အယူခံရုံးတော်က ခွင့်ပြုသည့်အချက်တိုင်းတွင် မည်သည့်အကြောင်းကြောင့် ၎င်းသက်သေခံချက်ကိုလက်ခံကြောင်း အမှုတွဲတွင်ရေးမှတ်ထားရမည်ဟူသော ပြဋ္ဌာန်းချက်ကိုဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းဖြစ်၍ ထုံးနည်းမကျသောဥပဒေဆိုင်ရာချို့ယွင်းမှုကို ဖြစ်ပေါ်စေကြောင်း သုံးသပ်ရရှိပါသည်။

(ဆ) အခွန်အယူခံခုံအဖွဲ့အနေဖြင့် ဝင်ငွေခွန်ဒုတိယအယူခံမှုတွင် အမှုသည်များထံမှ နောက်ထပ်သက်သေခံချက်များရယူရာတွင် အမှုသည်တစ်ဦးအား သက်သေခံချက်တွင် ချို့ယွင်းချက်ကို ကုစားစေနိုင်ရန် သို့မဟုတ် ဟာကွက်များကို ဖြည့်စွက်နိုင်စေရန်အလို့ငှာ အခွင့်ရေးပေးခြင်းမျိုးပြုလုပ်နိုင်ခြင်း မရှိအပ်သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ နှင့်အညီ နောက်ထပ်သက်သေခံချက် ရယူခဲ့ခြင်းဟုတ် မဟုတ်ကို ဥပဒေကြောင်းအရ ဖြေရှင်းရန်အချက်ပေါ်ပေါက်နေသည့်အပြင် နောက်ထပ် ရယူထားသော သက်သေခံချက်များ၏ မှန်ကန်မှုအရည်အသွေးကို စိစစ်မှုမရှိဘဲ လက်ခံခွင့်ပြုခဲ့ကြောင်း တွေ့ရှိရသဖြင့် တရားမျှတမှုအလို့ငှာ ဥပဒေကြောင်းအရ အဆုံးအဖြတ်ခံယူသင့်ကြောင်း သုံးသပ်ရရှိပါသည်။

Jing Hpaw Aung Jade & Jewellery Co., Ltd က အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သို့ ငွေကျပ် (၄၂၈၉) သန်း လှူဒါန်းခဲ့ခြင်းအတွက် (BFM) သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က နှင့်ညီညွတ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိသဖြင့် ယင်းသို့လှူဒါန်းခဲ့ခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က နှင့်ညီညွတ်သည်ဟု အခွန်အယူခံခုံအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီ မညီဟူသောတင်ပြချက်နှင့် စပ်လျဉ်း၍ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကတင်ပြသော နောက်ဆက်တွဲ (က)၊ လွှဲအပ်အဆိုပြုလွှာ (၃) ပါ ဖော်ပြချက်များအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် Jing Hpaw Aung Jade & Jewellery Co., Ltd က ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သို့ လှူဒါန်းငွေကျပ် (၄၂၁၁.၈) သန်းအနက် ဦးမြင့်လိုင်ဦးနှင့် ဦးထက်အောင်ရဲရင့် (၂) ဦးတို့ လှူဒါန်းငွေကျပ် (၃၁၈၇) သန်းနှင့်စပ်လျဉ်း၍ ငွေပေးချေမှု (Cash Transaction) များအား အခွန်စာရင်းစစ်ဆေးနေစဉ်အချိန်တွင်လည်းကောင်း၊ ပထမအယူခံကြားနာစဉ်တွင်လည်းကောင်း တင်ပြနိုင်ခြင်းမရှိသဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ခွင့်မပြုခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်သည့်အပြင် ဝင်ငွေခွန်ဒုတိယအယူခံမှု ၁/၂၀၁၉ စီရင်ချက်ပါဖော်ပြချက်အရ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ္ဘောဇဘဏ်မှ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သို့ လှူဒါန်းငွေကျပ် (၅၈၉.၄၄) သန်းကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က အရ အခွန်သက်သာခွင့်များပေးခဲ့ကြောင်း တင်ပြချက်များရှိနေသဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသည် (BFM) သို့ လှူဒါန်းခဲ့ခြင်းအတွက် လက်ခံခွင့်ပြုသင့်သည့် အကြောင်းခြင်းရာများပေါ်ပေါက်သည့်အခါ လက်ခံခွင့်ပြုပြီး လက်ခံခွင့်မပြုသင့်သည့် အကြောင်းခြင်းရာများရှိသည့်အခါ လက်ခံခွင့်ပြုခြင်းမရှိကြောင်း ထင်ရှားပေါ်ပေါက်နေသောကြောင့် (BFM) သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က နှင့်ညီညွတ်သည့်အဖွဲ့အစည်း

ဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း ရှိ မရှိ သည် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ဖြေရှင်းရမည့်အချက် မဟုတ်ကြောင်း သုံးသပ်ရရှိပါသည်။

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ပထမအယူခံအမိန့်ကိုပယ်ဖျက်၍ ၁-၄-၂၀၁၄ ရက်နေ့မှ ၁-၄-၂၀၁၇ ရက်နေ့မတိုင်မီ ပညာပေးကာလအဖြစ်သတ်မှတ်၍ အခြားကုမ္ပဏီကြီးများအား သက်သာခွင့် ပေးသကဲ့သို့ ဘာသာရေး၊ ကုသိုလ်ရေးကိစ္စများနှင့်သက်ဆိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူ များနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား စောင့်ရှောက်ရေး စသည့် အများပြည်သူ အကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများကို စိစစ်နုတ်ပယ်၍ ဝင်ငွေခွန်ပြန်လည်စည်းကြပ်သွားရန် အခွန်အယူခံခုံအဖွဲ့က အမိန့်ချမှတ်ခဲ့ခြင်းသည် မည်သည့်ဥပဒေပြဋ္ဌာန်းချက်အရ အမိန့်ချမှတ်ခဲ့ရခြင်း ဖြစ်ကြောင်း မပါရှိသဖြင့် ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီ မညီဟူသောတင်ပြချက်နှင့်စပ်လျဉ်း၍ အမှုတွဲပါ ပေါ်ပေါက်ချက်များအရ ဝင်ငွေခွန်ဒုတိယအယူခံမှု ၁/၂၀၁၉ တွင် အခွန်အယူခံခုံအဖွဲ့က ပြည်တွင်း အခွန်များဦးစီးဌာနသို့ မေးမြန်းမှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနက ဖြေကြားရာတွင် "လှူဒါန်းငွေနှင့် စပ်လျဉ်း၍ စာရင်းဖြေရှင်းတွေ့ရှိချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း KBZ ဘဏ်က တင်ပြသည့် လှူဒါန်းငွေစုစုပေါင်း ကျပ် (၁၀၅၂၀.၆၂) သန်းအနက် ကျပ် (၇၅၄၂.၄၈) သန်းကို ပညာပေးကာလအနေဖြင့် သတ်မှတ်၍ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါခွင့်ပြုခဲ့သည့် လှူဒါန်းငွေသည် ဥပဒေနှင့်မညီသော်လည်း ပညာပေးကာလဖြစ်၍ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း" ဖော်ပြချက်အရလည်းကောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနသည် SAS စနစ်ကို အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ၏ ၁၄-၇-၂၀၁၇ ရက်စွဲပါစာအမှတ် ၁(၃)/စီမံ/ မူ-သု/ပတခ/၂၀၁၇ (၇၇) အရ ၁-၄-၂၀၁၄ ရက်နေ့မှ ၁-၄-၂၀၁၇ ရက်နေ့မတိုင်မီအထိ ပညာပေးကာလအဖြစ် သတ်မှတ်ထားသောကြောင့် Jing Hpaw Aung Jade & Jewellery Co., Ltd ကို စည်းကြပ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပညာပေးကာလဖြစ်နေကြောင်း ပေါ်ပေါက်ချက်အရလည်းကောင်း အယူခံခုံအဖွဲ့က အဆိုပါအချက်များကို အထောက်အထားပြု၍ စီရင်ချက်အမိန့်တွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်အချက်မဟုတ်ကြောင်း သုံးသပ်ရရှိပါသည်။

သို့ဖြစ်ပါ၍ လျှောက်ထားသူအခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ဖော်ပြသည့်ဥပဒေအကြောင်း အချက်ပြဿနာများအနက် အပိုဒ်ခွဲ (က) ပါ စည်းကမ်းသတ်ကာလကျော်လွန်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့် အကြောင်းကြောင့် လက်ခံရကြောင်းစီရင်ချက်တွင် ဖော်ပြထားခြင်းမရှိသည့်အချက်သည်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ) ပါ Jing Hpaw Aung Jade & Jewellery Co., Ltd က အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သို့ လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ ဟူသောအချက်သည်လည်းကောင်း၊ အပိုဒ်ခွဲ (ဃ) ပါ Jing Hpaw Aung Jade & Jewellery Co., Ltd ၏ ၂၀၁၅-၂၀၁၆ ဝင်ငွေနှစ်အတွင်း လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ ပညာပေးကာလသတ်မှတ်ပြီး ခွင့်ပြုပေးရန် အခွန်အယူခံခုံအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီ မညီ ဟူသောတင်ပြချက်သည်လည်းကောင်း ဥပဒေကြောင်းအရ ဖြေရှင်းရမည့်အချက်များမဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသော်လည်း အပိုဒ်ခွဲ (ခ) ပါ ဝင်ငွေခွန်ဒုတိယအယူခံမှုအားကြားနာစဉ် လျှောက်ထားသူက အချက်အလက်အထောက်အထားအသစ်များ တင်ပြခြင်းအား အယူခံခုံအဖွဲ့ကလက်ခံ၍ ယင်းအချက်များအပေါ် သုံးသပ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ (၁) (ခ) ပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံး ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ ကိုလည်းကောင်း၊ နည်းဥပဒေ ၂၇ (၂) ကို လိုက်နာဆောင်ရွက်မှုမရှိခြင်းသည် ထုံးနည်းမကျသောပျက်ကွက်မှု ဟုတ် မဟုတ်ကိုလည်းကောင်း ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ ဖြစ်သည်ဟု ယူဆခြင်းကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်အဆုံးအဖြတ်ခံယူသင့်ကြောင်း

သုံးသပ်ရရှိပါသည်။ သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ကို ခံယူနိုင်ပါရန် လွှဲအပ်မှုအဖြစ် ပေးပို့အပ်ပါသည်။

မြင့်ဦး
ဥက္ကဋ္ဌ

| | | |
|---|---|---|
| ကျော်ကျော် | ဖေယျုကြည်ညွန့် | ရီရီမြင့် |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဝင်းနိုင် | ဝင်းတင် | ဦးကြည် |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |

စုံ ညီ ခုံ အ ဖွဲ့

## လွှဲအပ်တင်ပြသည့် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ အဓိကအငြင်းပွားချက်နှင့်စပ်လျဉ်းသည့် အချက်အလက် အထောက်အထားအသစ်များအား အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ စာရင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ်တွင် လည်းကောင်း၊ ပထမအယူခံတင်သွင်းလျှောက်ထားကြားနာစဉ်တွင်လည်းကောင်း၊ ဒုတိယအယူခံမှု လျှောက်ထားတင်ပြစဉ်တွင်လည်းကောင်း ထည့်သွင်းဖော်ပြခြင်းမရှိခဲ့ဘဲ ဒုတိယအယူခံမှုကြားနာစဉ် ခုံအဖွဲ့၏ မေးမြန်းချက်ကို ဖြေကြားသည့်အချိန်မှ လျှောက်ထားသူကုမ္ပဏီက ထုတ်ဖော်တင်ပြလာခြင်းကို အယူခံခုံအဖွဲ့ကလက်ခံ၍ ယင်းအချက်အသစ်များအပေါ်သုံးသပ်လျက် စီရင်ချက်ချမှတ်ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ (၁) ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိနှင့် ထိုကဲ့သို့ နောက်ထပ်သက်သေခံချက်များလက်ခံခြင်းအပေါ် နည်းဥပဒေ ၂၇ (၂) နှင့်အညီ လိုက်နာဆောင်ရွက်မှု မရှိခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသောအချက် ဟုတ် မဟုတ်။

မြင့်ဦး
ဥက္ကဋ္ဌ

| | | |
|---|---|---|
| ကျော်ကျော် | ဖေယျုကြည်ညွန့် | ရီရီမြင့် |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဝင်းနိုင် | ဝင်းတင် | ဦးကြည် |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |

စုံ ညီ ခုံ အ ဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၅၄၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည်- ၇၇၇/ သောတာပန်မြောက်၊ မြေကွက်အမှတ်-F-၅၅/၃၈၂ ရှိ **ဇလိတာရာမကျောင်းတိုက် အခွန်လွတ်သာသနာမြေဧရိယာ ၀.၄၈၈ ဧက** အနက်မှ **၀.၀၄ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးသိန်းပို [၉/အမရ (နိုင်) ၀၂၁၀၃၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၂) အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) မှ ပါမောက္ခချုပ် ဦးအောင်သိုက်ထွန်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဌ) နှင့် ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တို့အရ **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး အကြံပေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ခေါင်းဆောင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူး — ဒုတိယအဖွဲ့ခေါင်းဆောင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
နည်းပညာဖွံ့ဖြိုးရေးဌာန
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဓာတုဗေဒစစ်ဆေးရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>စက်မှုစစ်ဆေးရေးဌာန<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | လက်ထောက်အထွေထွေမန်နေဂျာ<br>အရည်အသွေးစစ်ဆေးရေးဌာန<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | လက်ထောက်အထွေထွေမန်နေဂျာ<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပါမောက္ခ<br>ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( န ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( ပ ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( ဖ ) ညွှန်ကြားရေးမှူး (ဒုတိယဌာနမှူး)　အဖွဲ့ဝင်
ကျန်းမာရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( ဗ ) ညွှန်ကြားရေးမှူး (ဒုတိယဌာနမှူး)　အဖွဲ့ဝင်
မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဘ) ညွှန်ကြားရေးမှူး (ဌာနမှူး)　အဖွဲ့ဝင်
သန့်ရှင်းရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

( မ ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ယ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

၂။ အကြံပေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် သတိပေးနိုးဆော်ခြင်းများကို အခါအားလျော်စွာ ထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သော အချက်အလက်နှင့် အထောက်အထားများကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

( ခ ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေနိုင်သည့် အကြောင်းအချက်များအားလေ့လာ၍ ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

( ဂ ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်နိုင်ရေးအတွက် ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်နိုင်ရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

( င ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ သုံးစွဲရေးနှင့် စွန့်ပစ်ရေး ဆိုင်ရာ နည်းလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်နိုင်ရေးအတွက် ဗဟိုကြီးကြပ်ရေး အဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

( စ ) ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ပညာရပ်ဆိုင်ရာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဌ) နှင့် ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တို့အရ **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ပညာရပ်ဆိုင်ရာအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူး<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဓာတုဗေဒစစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>မြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူး<br>စက်မှုစစ်ဆေးရေးဌာန<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ပါမောက္ခ၊ ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ပါမောက္ခ၊ ဓာတုအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဖ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူး (ဒုတိယဌာနမှူး) အဖွဲ့ဝင်
ကျန်းမာရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ယ) ညွှန်ကြားရေးမှူး (ဒုတိယဌာနမှူး) အဖွဲ့ဝင်
မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ရ) ညွှန်ကြားရေးမှူး (ဌာနမှူး) အဖွဲ့ဝင်
သန့်ရှင်းရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(လ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ဝ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

(သ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

၂။ ပညာရပ်ဆိုင်ရာအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သာမန်ဓာတုပစ္စည်း၊ ကန့်သတ်ဓာတုပစ္စည်းနှင့် တားမြစ်ဓာတုပစ္စည်းများကို အမျိုးအစားခွဲခြားပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ဗဟိုဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ခ) မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ သတိပေးနှိုးဆော်ခြင်းများကို အခါအားလျော်စွာ ထုတ်ပြန်နိုင်ရေး အတွက် လိုအပ်သော အချက်အလက်နှင့် အထောက်အထားများကို စုစည်းရယူတင်ပြခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဗဟိုကြီးကြပ်ရေးအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော တာဝန် များကို ဆောင်ရွက်ခြင်း၊

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လျော့ပါးစေရေးအတွက် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရန်နေရာသတ်မှတ်ခြင်းနှင့် စွန့်ပစ်မည့်နည်းလမ်း သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ အကြံပြုတင်ပြခြင်း၊

(င) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးသင်တန်းနှင့် စနစ်တကျအသုံးပြုရေးသင်တန်းများကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ပေးခြင်း၊

(စ) ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ (ကိုယ်စား)
ဒေါက်တာ စိုးနိုင်
အတွင်းရေးမှူး၊ ဗဟိုဦးစီးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် (၂၀) မိုင်ခန့်ကွာဝေးသော အောက်လမ်းမကြီး၊ ပေါင်ရပ်ကွက်၊ ပေါင်မြို့ရှိ KANBAWZAX-MICROFINANCE (KBX-MF) COMPANY LIMITED (ပေါင်ရုံးခွဲ) အသေးစားငွေရေးကြေးရေးလုပ်ငန်းအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဖြစ်ပြီး ယင်းကုမ္ပဏီအား မွန်ပြည်နယ်၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၀၅(၁)/၈/ ကောင်စီ (၂၀၂၂) အရ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးနေရာတွင် အစမ်းခန့်ထားခဲ့သော ရေနံချောင်းတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ချိုချိုမြင့် သည် ၎င်း၏ တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

